# စစ်ခေါင်းဆောင်မင်းအောင်လှိုင်နှင့် အာဆီယံခေါင်းဆောင်များတွေ့ဆုံရန်ရှိသည့် သတင်းနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်
## ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်

၁။ မြန်မာပြည်သူလူထုအားနေ့စဉ်နှင့်အမျှ အကြမ်းဖက်ဖိနှိပ်နေသည့် စစ်ခေါင်းဆောင် မင်းအောင်လှိုင် နှင့် အာဆီယံခေါင်းဆောင်များ ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တွေ့ဆုံကြပြီး ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကိစ္စများကို ဆွေးနွေးကြမည်ဟု သိရှိရပါသည်။

၂။ အပြစ်မဲ့ပြည်သူများကို မြန်မာ့နှစ်သစ်ကူး အခါကာလမရှောင် နေ့စဉ်ရက်ဆက် တိုင်းပြည်၏ ဘဏ္ဍာဖြင့် ဝယ်ယူထားသည့် စစ်လက်နက်ကြီးငယ်၊ တိုက်လေယာဉ်များ၊ ဗုံးများဖြင့် ပစ်ခတ်သတ်ဖြတ်နေသော စစ်ခေါင်းဆောင်အား မြေငလျင်ဘေးဒဏ်သင့် ပြည်သူများကို လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး ဟူသည့် အကြောင်းပြချက်ဖြင့် အာဆီယံခေါင်းဆောင်များက တွေ့ဆုံဆွေးနွေးမည့် အပေါ် မိမိတို့က များစွာ အထူးစိုးရိမ်မကင်း ဖြစ်မိသည်။

၃။ ခွဲခြားဆက်ဆံမှုနှင့် ဘက်လိုက်မှုကင်းသော လူသားချင်းစာနာထောက်ထားမှုအကူအညီများအား တိုင်းပြည် နယ်နိမိတ်စုစုပေါင်း၏ (၂၂)ရာခိုင်နှုန်းကိုသာ စိုးမိုးထိန်းချုပ်စီမံအုပ်ချုပ်နိုင်သည့် စစ်အုပ်စုထံ တိုက်ရိုက် ဆက်ဆံပေးအပ်ခြင်း မဟုတ်ဘဲ အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသား တော်လှန်ရေး အင်အားစုများက ထိန်းချုပ်စီမံအုပ်ချုပ်ထားသည့် နယ်မြေများရှိ ပါဝင်ပတ်သက်သူ အစုအဖွဲ့ များအားလုံးနှင့် ချိတ်ဆက်ပေးအပ် ထောက်ပံ့ရန် လိုအပ်ပါသည်။

၄။ စစ်အုပ်စုသည် အာဆီယံ၏ ဘုံသဘောတူညီချက် (၅)ချက်ပါ အခြေခံအချက် တခုဖြစ်သော အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရေးဆိုသည့် မူအပြင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ရှေ့မှောက်တွင် လိုက်နာရန်သဘောတူညီခဲ့မှုအား ပြောင်ပြောင်တင်းတင်းချိုး ဖောက်နေသည့် တရားခံလည်း ဖြစ်သည်။

၅။ လက်ရှိတွင် စစ်အုပ်စုသည် တိုင်းပြည်၏ အချုပ်အခြာကို ထိန်းချုပ်ထားသည့် တခုတည်းသော အာဏာပိုင် မဟုတ်သလို ပြည်သူလူထုကို ကိုယ်စားပြုခြင်းလည်း လုံးဝမရှိတော့ သည်ကို သတိချပ်ရမည် ဖြစ်သည်။ တိုင်းပြည်၏ အချုပ်အခြာအာဏာသည် နေပြည်တော်မှ တိုက်ရိုက်စီမံအုပ်ချုပ်နေသည့် အခြေအနေမဟုတ်တော့ပဲ နယ်မြေအသီးသီးရှိ ပြည်သူလူထု လက်ဝယ် သက်ဆင်းသွားပြီးဖြစ်သည်ကို သတိမူသင့်ပြီဖြစ်ပါသည်။

၆။ ထို့ကြောင့်လူသားချင်းစာနာထောက်ထားမှုပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စစ်အုပ်စု နှင့် ထိတွေ့ဆက်ဆံခြင်းနှင့် တိုက်ရိုက်ဦးတည်ထောက်ပံ့နေခြင်းသာမက အမှန်တကယ် ထိခိုက်ခံစား နေရသည့် သဘာဝဘေး ၊ စစ်ဘေးဒဏ်ခံ မြန်မာပြည်သူများ ထံသို့ အကူအညီ ပေးရေး အစီအစဉ်များ တိုက်ရိုက်ရောက်ရှိနိုင်စေရန် သက်ဆိုင်သူများအားလုံးနှင့် လုပ်ငန်းစဉ် တရပ်အဖြစ် ချိတ်ဆက် ဆောင်ရွက် သွားရန် အထူးပင်လိုအပ်ပါသည်။

၇။ ထို့အပြင် စစ်ဘေးဒဏ်နှင့် မြေငလျင်သဘာဝဘေးဒဏ်ကြောင့် အတိဒုက္ခရောက်နေသည့် ပြည်သူများကို ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အရေးတကြီး ဆောင်ရွက်ရမည့် ကာလတွင် စစ်အုပ်စုက တဖက်သတ်ဦးစီးကျင်းပရန် ပြင်ဆင်နေသည့် ရွေးကောက်ပွဲဆိုသည်မှာလည်း မြန်မာ့အရေးကို ဖြေရှင်းနိုင်မည့် ဦးစားပေးလုပ်ငန်းစဉ် မဟုတ်ကြောင်း ထပ်လောင်းအသိပေးလိုသည်။

၈။ မြန်မာပြည်အတွင်း အားလုံးပါဝင်သော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိနိုင်ရန် အတွက် မြန်မာပြည်သူလူထု၏ လိုလားချက် မျှော်မှန်းချက်များကို ကိုယ်စားပြုသည့် သဘောထား ထင်ဟပ် စေနိုင်မည့် ( Myanmar-Owned and Myanmar-led process) ဖြစ်စေရန်အတွက် စစ်ခေါင်းဆောင် နှင့် တဖက်သတ် ဆက်ဆံဆောင်ရွက်မှုများကို အထူးသတိပြုသင့်ပါသည်။

၉။ အာဆီယံခေါင်းဆောင်များ အနေဖြင့် လူသားခြင်းစာနာထောက်ထားသည့် အကူအညီများကို ခွဲခြား ဆက်ဆံမှုမရှိ ၊ ဘက်မလိုက်ဘဲ Humanitarian Principles များနှင့်အညီ ထိရောက်စွာ အကူအညီ ပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင်စစ်ခေါင်းဆောင်မင်းအောင်လှိုင် မှတဆင့် ပေးအပ်ခြင်းကိုသာ

ပြုလုပ်ပါက လူသားချင်းစာနာထောက်ထားသည့်အကူအညီများသည် နိုင်ငံရေးအရ အလွဲ အသုံးချမည့် အန္တရာယ်ကို မလွဲမသွေတွေ့ကြုံရမည် ဖြစ်သောကြောင့် စစ်အုပ်စု မှတဆင့်သာ ပေးအပ်ခြင်းကို မိမိတို့အနေဖြင့် အပြင်းအထန်ကန့်ကွက်ကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ(NUG)

ကရင်အမျိုးသားအစည်းအရုံး(KNU)

ကရင်နီပြည်အမျိုးသားတိုးတက်ရေးပါတီ(KNPP)

ချင်းအမျိုးသားတပ်ဦး(CNF)

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)

အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ(WLB)

ရိုဟင်ဂျာလွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့ (FRC)

အမည်မဖော်လိုသည့် အင်အားစုများ

**Statement on the upcoming meeting between the military leader Min Aung Hlaing and ASEAN leaders**

**April 16, 2025**

1. It has been reported that military leader Min Aung Hlaing—who continues to oppress the people of Myanmar daily—is scheduled to meet with ASEAN leaders in Bangkok, Thailand, in the coming days to discuss humanitarian assistance for those affected by the recent earthquake.

2. We express our grave concern over ASEAN leaders' engagement with the head of the military junta under the pretext of delivering humanitarian aid. This individual is responsible for the daily killings of innocent civilians—even during the traditionally peaceful Myanmar New Year—using small arms, artillery shelling, fighter jets, and aerial bombings, all funded by the country's own treasury.

3. Humanitarian assistance must be delivered in a non-discriminatory, impartial, and needs-based manner. It should not be funneled through the military junta, which currently controls only 22% of the country's territory. Instead, aid must be directed to all relevant stakeholders, including areas administered by the National Unity Government and ethnic revolutionary (resistance) organizations.

4. The military junta led by Min Aung Hlaing is a perpetrator of clear violations of the ASEAN Five-Point Consensus, particularly the principle calling for an immediate cessation of violence, which ASEAN member states had agreed to uphold.

5. It must be acknowledged that the sovereignty of Myanmar is no longer solely exercised from Nay Pyi Taw but has been reclaimed by the people across states and regions. The military junta neither exercises full territorial control nor holds any legitimate mandate to represent the people of Myanmar.

6. Effective humanitarian assistance must avoid engaging with, supporting, or legitimizing the military junta. It must also actively involve all relevant stakeholders to ensure that aid reaches those genuinely affected by both the natural disaster and ongoing conflict.

7. At a time when the people of Myanmar urgently need recovery and support in the aftermath of the earthquakes and ongoing war, it is vital to emphasize that the so-called election unilaterally planned by the military junta is neither a viable solution to the current crisis nor a priority for the people.

8. Any unilateral engagement with the military leader—widely regarded as a terrorist—must be approached with the utmost caution. To support a genuine, inclusive, and sustainable peace process, the aspirations of the Myanmar people must remain central to any "Myanmar-owned and Myanmar-led" approach.

9. We strongly oppose any initiative by ASEAN leaders to engage solely with, or provide humanitarian assistance exclusively through, Min Aung Hlaing—the military leader widely regarded as a terrorist. Such an approach undermines the core humanitarian principles of neutrality, impartiality, and independence, and fails to ensure that aid is distributed based on actual needs. Rather than supporting the people of Myanmar, these actions risk legitimizing the illegal military coup and reinforcing the regime responsible for their suffering. Therefore, we firmly object to any such decisions.

National Unity Government (NUG)

Karen National Union (KNU)

Karenni National Progressive Party (KNPP)

Chin National Front (CNF)

All Burma Students' Democratic Front (ABSDF)

Women's League of Burma (WLB)

Free Rohingya Coalition (FRC)

Anonymous Revolutionary Organizations